**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**

**စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန**

**အကောက်ခွန်ဦးစီးဌာန**

**အမိန့်အမှတ်၊ ၃ / ၂၀၂၃**

**၁၃၈၅ ခုနှစ်၊ ပထမဝါဆိုလဆန်း ၄ ရက်**

**(၂၀၂၃ ခုနှစ်၊ ဇွန်လ ၂၁ ရက်)**

## နယ်စပ်ဒေသများတွင် သွင်းကုန်ကြေညာလွှာ တစ်စောင်ချင်းအလိုက် အကောက်ခွန်ကိစ္စရပ်များ အပြီးသတ်ဆောင်ရွက်ခြင်း (One ID One Shipment)၊ ပို့ကုန်ကြေညာလွှာ တစ်စောင်ချင်းအလိုက် အကောက်ခွန်ကိစ္စရပ်များ အပြီးသတ်ဆောင်ရွက်ခြင်း (One ED One Shipment)စနစ်ဖြင့် တင်သွင်း၊ တင်ပို့မှုဆောင်ရွက်မည့်လုပ်ငန်းစဉ် ထုတ်ပြန်ခြင်းဆိုင်ရာအမိန့်

၁။ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ အကောက်ခွန်ဦးစီးဌာနသည် ပင်လယ်ရေကြောင်းအကောက်ခွန်အက်ဥပဒေပုဒ်မ ၂၀၄၊ ပုဒ်မခွဲ (ခ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ကုန်ပစ္စည်းတင်သွင်းတင်ပို့သည့် ကုန်တင်ယာဉ်များအား စစ်ဆေးဆောင်ရွက်ရာတွင် လွယ်ကူမြန်ဆန်မှုရှိစေရန်၊ အကောက်ခွန်ထိန်းချုပ်မှု ပိုမိုအားကောင်းစေရန်၊ တရားမဝင်တင်သွင်းတင်ပို့မှုများအား တားဆီးထိန်းချုပ်နိုင်စေရန်အတွက် ဤအမိန့်ကို ထုတ်ပြန်လိုက်သည်။

### သွင်းကုန်ကြေညာလွှာဖွင့်လှစ်တင်ဆောင်ခြင်း

၂။ ကုန်ပစ္စည်းတင်သွင်းမှုများအတွက် သွင်းကုန်ကြေညာလွှာ တစ်စောင်ချင်းအလိုက် အကောက်ခွန်ကိစ္စရပ်များ အပြီးသတ်ဆောင်ရွက်ခြင်း (One ID One Shipment) စနစ်ကို အောက်ပါနည်းလမ်းများအနက် ကိုက်ညီသည့်နည်းလမ်းအရ ဆောင်ရွက်ရမည်ဖြစ်ပါသည်-

(က) ကုန်တင်ယာဉ်တစ်စီးပေါ်တွင် ကုန်ပစ္စည်းအမျိုးအစားမျိုးစုံဖြစ်ပါက သွင်းကုန်ကြေညာလွှာတစ်စောင်သာ ဖွင့်လှစ်၍ အကောက်ခွန်ကိစ္စရပ်အတွက် အပြီးအပြတ်ဆောင်ရွက်ခွင့်ပြုခြင်း။

(ခ) ကုန်တင်ယာဉ်တစ်စီးပေါ်တွင် အကောက်ခွန်ကိစ္စရပ်အတွက် ပြီးပြတ်သည့် သွင်းကုန်ကြေညာလွှာများအား တစ်စောင်နှင့်အထက် ဖွင့်လှစ်၍ ဆောင်ရွက်ခွင့်ပြုခြင်း။ (သွင်းကုန်ကြေညာလွှာပါ ကုန်ပစ္စည်းအရေအတွက်အား လက်ကျန် (Balance)ချန်၍ တင်ဆောင်ခြင်း လုံးဝခွင့်ပြုမည်မဟုတ်ပါ)

(ဂ) သွင်းကုန်ကြေညာလွှာတစ်စောင်တွင် ကုန်ပစ္စည်းအမျိုးအစား တစ်မျိုးတည်းဖြစ်ပါက အများဆုံးယာဉ်စီးရေ(၅)စီးအထိ ဆောင်ရွက်ခွင့်ပြုမည်ဖြစ်ပြီး စစ်ဆေးခြင်း၊ အခွန်ပေးဆောင်ခြင်း ကိစ္စရပ်များကို နေ့ချင်းပြီး တင်ဆောင်ခွင့်ပြုခြင်း။ (အဆိုပါသွင်းကုန်ကြေညာလွှာတွင် ကုန်ပစ္စည်းအရေအတွက်အား လက်ကျန် (Balance)ချန်၍ တင်ဆောင်ခြင်း လုံးဝခွင့်ပြုမည်မဟုတ်ပါ)

**ပို့ကုန်ကြေညာလွှာဖွင့်လှစ်တင်ဆောင်ခြင်း**

၃။ ကုန်ပစ္စည်းတင်ပို့မှုများအတွက် ပို့ကုန်ကြေညာလွှာ တစ်စောင်ချင်းအလိုက် အကောက်ခွန်ကိစ္စရပ်များ အပြီးသတ်ဆောင်ရွက်ခြင်း (One ED One Shipment) အောက်ပါနည်းလမ်းများအနက် ကိုက်ညီသည့်နည်းလမ်းအရ ဆောင်ရွက်ရမည်ဖြစ်ပါသည်-

(က) ကုန်တင်ယာဉ်တစ်စီးပေါ်တွင် ကုန်ပစ္စည်းအမျိုးအစားမျိုးစုံဖြစ်ပါက ပို့ကုန်ကြေညာလွှာတစ်စောင်သာ ဖွင့်လှစ်၍ အကောက်ခွန်ကိစ္စရပ်အတွက် အပြီးအပြတ် တင်ပို့ခွင့်ပြုခြင်း။

(ခ) ကုန်တင်ယာဉ်တစ်စီးပေါ်တွင် အကောက်ခွန်ကိစ္စရပ်အတွက် ပြီးပြတ်သည့် ပို့ကုန်ကြေညာလွှာများအား တစ်စောင်နှင့်အထက် ဖွင့်လှစ်၍ တင်ပို့ခွင့်ပြုခြင်း။ (ပို့ကုန်ကြေညာလွှာပါ ကုန်ပစ္စည်းအရေအတွက်အား လက်ကျန်(Balance)ချန်၍ တင်ပို့ခြင်း လုံးဝခွင့်ပြုမည် မဟုတ်ပါ)

(ဂ) ပို့ကုန်ကြေညာလွှာတစ်စောင်တွင် ကုန်ပစ္စည်းအမျိုးအစား တစ်မျိုးတည်းဖြစ်ပါက ယာဉ်စီးရေ(၁၀)စီးအထိ တင်ပို့ခွင့်ပြုမည်ဖြစ်ပြီး စစ်ဆေးခြင်း၊ အခွန်ပေးဆောင်ခြင်း ကိစ္စရပ်များကို နေ့ချင်းပြီးဆောင်ရွက်စေ၍ တင်ပို့ခွင့်ပြုခြင်း။ (အဆိုပါ ပို့ကုန်ကြေညာလွှာတွင် ကုန်ပစ္စည်းအရေအတွက်အား လက်ကျန်(Balance)ချန်၍ တင်ပို့ခြင်း လုံးဝခွင့်ပြုမည်မဟုတ်ပါ)

၄။ သို့ဖြစ်ပါ၍ နယ်စပ်ဒေသ အကောက်ခွန်စစ်ဆေးရေးစခန်းများအနေဖြင့် အပိုဒ်(၂)နှင့် (၃)ပါ သတ်မှတ်ချက်များအတိုင်း ၁-၇-၂၀၂၃ ရက်နေ့မှစ၍ လိုက်နာကျင့်သုံး ဆောင်ရွက်သွားရန် ထုတ်ပြန်လိုက်သည်။

XXXX
သိန်းဆွေ
ညွှန်ကြားရေးမှူးချုပ်

စာအမှတ်၊ ၃၃ - ၀ထ / ၂၀၂၃ ( ၁၁၆၁ )
ရက်စွဲ ၊ ၂၀၂၃ ခုနှစ်၊ ဇွန် လ ၂၁ ရက်

**ဖြန့်ဝေခြင်း**

ဒုတိယညွှန်ကြားရေးမှူးချုပ် (အုပ်ချုပ်မှုနှင့်စီမံရေးရာ)
ဒုတိယညွှန်ကြားရေးမှူးချုပ် (စစ်ဆေးရေးနှင့်အခွန်ကြီးကြပ်ရေး)
ဒုတိယညွှန်ကြားရေးမှူးချုပ် (နယ်ရုံးများကြီးကြပ်ရေး)
ညွှန်ကြားရေးမှူးများ(အားလုံး)

ဒုတိယညွှန်ကြားရေးမှူးများ(အားလုံး)
ဌာနခွဲများ(အားလုံး)
ပြည်နယ်နှင့် တိုင်းဒေသကြီးအကောက်ခွန်ဦးစီးဌာနမှူးရုံးများအားလုံး
OSS စစ်ဆေးရေးစခန်းများ (မူဆယ်၊ မြဝတီ)
အမြဲတမ်းစစ်ဆေးရေးစခန်းများ (ရေပူ၊ မရမ်းချောင်)
အထူးစီးပွားရေးဇုန်များ (သီလဝါ၊ ကျောက်ဖြူ၊ ထားဝယ်)
မြို့နယ်အကောက်ခွန်ဦးစီးဌာနမှူးရုံးများ(အားလုံး)
နယ်ခြားစောင့်ရဲတပ်ဖွဲ့ ကွပ်ကဲမှုအောက် ပူးပေါင်းအဖွဲ့

**အမိန့်အရ**

၂၂၊၆၊၂၀၂၂

မျိုးသီဟ
ညွှန်ကြားရေးမှူး (စီမံ)

မိတ္တူကို

ဝန်ကြီးရုံးဌာနစိတ် (အပို ၃ စောင်)
စီမံရေးရာဌာနစိတ် (အပို ၃ စောင်)
ရုံးလက်ခံ
မျှောစာတွဲ